ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်ထဲ KIA နဲ့ PDF ပူးပေါင်းတပ်တွေနဲ့ စစ်ကောင်စီတပ်တွေ အကြား လေးရက်ကြာ တိုက်ပွဲတွေဖြစ်နေပြီး ဒီနေ့မနက် ဆယ်နာရီခွဲလောက်မှာ စစ်ဂျက်လေယာဉ် နှစ်စီးနဲ့ ဆယ်ကြိမ်ထက်မနည်း ပစ်ခတ်တိုက်ခိုက်ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

အင်စီယာန်ရွာ အနီးတစ်ဝိုက်ကို ပစ်ခတ်သွားတာလို့ တိုက်ပွဲတွေကြောင့် တောတောင်ထဲ ထွက်ပြေးနေရတဲ့ အင်စီယာန်ရွာသားတစ်ဦးက RFA ကို ပြောပါတယ်။

**"လေယာဉ်နှစ်စီးနဲ့ ပစ်တယ်။ ပထမတစ်စီးက ငါးကြိမ်လောက် ပစ်တယ်။ နောက် တစ်စီးက ၁၀ ကြိမ်ကျော်လောက် ပစ်တယ်။ အင်စီယာန် ဘောလုံးကွင်းကနေ စပစ်တာ။ ရွာကိုပတ်ပြီး ပစ်သွားတာ။ ကျွန်တော်တို့ ပြည်သူတွေကတော့ တောထဲ ထွက်ပြေး သွားတယ်ဆိုတော့ ထိခိုက်တာမရှိဘူး။ နေအိမ်ထိတာလည်း မရှိဘူး"**

ဒီနေ့မနက် ၆ နာရီကျော်ချိန်က ပူတာအိုကနေ တောလမ်းအတိုင်း တက်လာတဲ့ စစ်ကောင်စီ စစ်ကြောင်းနဲ့ ကေအိုင်အေ၊ PDF အဖွဲ့တွေအကြား လုံရှာယာန်နဲ့ တန်ဂျာ ကျေးရွာ ကြားမှာ တိုက်ပွဲဖြစ်ပွားခဲ့တယ်လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

ဖေဖော်ဝါရီ ၁၈ ရက်က အင်စီယာန်ရွာအနီး စစ်ကောင်စီတပ်ရဲ့ ရှိန်ဂတ်ဘွမ်စခန်းကို KIA နဲ့ PDF ပူးပေါင်းတပ်တွေက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ဒီနေ့ ငါးရက်မြောက်နေ့ အထိလည်း မြေပြင်တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေတယ်လို့ ပြောပါတယ်။

မြစ်ကြီးနား - ပူတာအို လမ်းပေါ်က လုံရှာယာန်၊ ဆွမ်ပီယာန်၊ အင်စီယာန် ရွာသုံးရွာက ဒေသခံ ခြောက်ထောင်ကျော် တောတောင်တွေထဲကို ထွက်ပြေးတိမ်းရှောင်နေကြရတယ် လို့လည်း ဆိုပါတယ်။

စစ်ကောင်စီတပ်တွေက ပူတာအိုမြို့ပေါ်နဲ့ မြစ်ကြီးနားဘက် သွားတဲ့လမ်းတွေကို ပိတ်ထားတဲ့အတွက် ဒေသခံတွေဟာ တောတောင်တွေထဲမှာပဲ ဒုက္ခရောက်နေကြရတယ် လို့ ပြောပါတယ်။

တောထဲမှာ ထွက်ပြေးတိမ်းရှောင်နေရတဲ့အတွက် အစားအသောက်၊ ဆေးဝါး၊ မိုးကာတွေက အစ အခက်အခဲတွေ ရှိနေသလို အခုလို လေယာဉ်နဲ့ ပစ်ခတ်တိုက်ခိုက်ခံရတဲ့အတွက် တောတောင်တွေထဲ နေရတာတောင် မလုံခြုံတော့ဘူးလို့လည်း စစ်ဘေးဒုက္ခသည် အမျိုးသမီးတစ်ဦးက ပြောပါတယ်။

ကချင်ပြည်နယ်မှာ စစ်ကောင်စီတပ်နဲ့ KIA တို့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်ကနေ ဒီနေ့အထိ တိုက်ပွဲပေါင်း အကြိမ် ၂၀ ကျော် ဖြစ်ပွားခဲ့ပြီး နောက်ထပ်လည်း စစ်ရေးတင်းမာမှုတွေ ရှိနေဆဲပဲလို့ KIO သတင်းနဲ့ ပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူက RFA ကို ဖေဖော်ဝါရီ ၂၁ ရက် မနေ့က ပြောပါတယ်။

ကချင်ပြည်နယ်တစ်ခုလုံးမှာ စစ်အာဏာသိမ်းမှုနောက်ပိုင်း တစ်ကျော့ပြန် ဖြစ်ပွားလာတဲ့ တိုက်ပွဲတွေကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူပေါင်း နှစ်သောင်းခန့်အထိ ရှိနေတယ်လို့ ဒုက္ခသည်အရေး ကူညီသူတွေက ခန့်မှန်းကြပါတယ်။

https://www.rfa.org/burmese/news/airstrike-in-putao-02222022021441.html

------------------------------------------------------------------------------------------------------------

## ပူတာအိုတိုက်ပွဲ စစ်ကောင်စီလေကြောင်းသုံးတိုက်ခိုက်

၂၂ ဖေဖော်ဝါရီ ၂၀၂၂

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်းမှာ စစ်ကောင်စီတပ်နဲ့ KIA အကြား ဒီနေ့ ၂ နေရာမှာ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ ဆွမ်ပီယန်ရွာနားမှာဖြစ်တဲ့ တိုက်ပွဲမှာတော့ စစ်ကောင်စီတပ်က ဂျက်တိုက်လေယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့တယ်လို့ KIA ဘက်ကပြောပါတယ်။ လုံရှာယန်ရွာဘက်ကတိုက်ပွဲမှာလည်း လေကြောင်းရန်ကို စိုးရိမ်ပြီး ထောင်နဲ့ချီတဲ့ စစ်ပြေးဒုက္ခသည်တွေ တောတောင်လျှိုမြောင်တွေဘက်ကို ထပ်မံထွက်ပြေးနေကြပါတယ်။ ပူတာအိုဘက်က တိုက်ပွဲအခြေအနေနဲ့ပတ်သက်လို့ ရန်ကုန်ကလာတဲ့သတင်းကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

မြစ်ကြီးနား- ပူတာအို ကားလမ်းမကြီးပေါ်က ပူတာအိုမြို့နဲ့ မဝေးတဲ့ လုံရှာယန်ကျေးရွာနဲ့ ဆွမ်ပီယန်ကျေးရွာအနီးက ရှိန်ဂတ်ဘွန်တပ်စခန်းနေရာတွေမှာ ဒီနေ့ ဖေဖော်ဝါရီ ၂၂ ရက်မှာ တိုက်ပွဲတွေဖြစ်ခဲ့ပါတယ်။ ဆွမ်ပီယန်ရွာအနီးတိုက် ပွဲအတွင်း စစ်ကောင်စီတပ်ဘက်က ဂျက်တိုက်လေယာဉ်နဲ့ လာရောက် ဗုံးကြဲတိုက်ခိုက်တာတွေ ရှိခဲ့ကြောင်း ကချင်တိုင်းရင်းသားလက်နက်ကိုင် KIA ရဲ့ ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူက VOA ကို ပြောပါတယ်။

“ဒီမနက်ပေါ့နော်။ လုံရှာယန်နဲ့ တန်ဂျာရွာ၊ အဲဒီကြားထဲမှာလည်း ထိတွေ့ရင်ဆိုင်တိုက်ပွဲ တခါဖြစ်တယ်ဆိုတာ သတင်းပို့လာတာ ရှိပါတယ်။ နောက် နေ့လယ် ၁၁ နာရီ ဝန်းကျင်လောက်ကျမှာပါ။ ရှိန်ဂတ်ဘွမ်မှာလည်း လေကြောင်းကနေ လာပြီးတော့ တိုက်ခိုက်တယ်၊ ဗုံးကြဲတယ်ဆိုတာ ကြားပါတယ်။ ကျနော် စုံစမ်းရတာကတော့ တကြိမ်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ဂျက်လေယာဉ်ကတော့ နှစ်စီးလို့ ကြားရပါတယ်။ ”

ထိခိုက်မှုအခြေအနေကိုလောလောဆယ် မသိရသေးဘူးလို့ ဗိုလ်မှူးကြီး နော်ဘူက ပြောပါတယ်။

စစ်တပ်က လေကြောင်းက တိုက်ခိုက်ခဲ့တဲ့ ဆွမ်ပီယန်ကျေးရွာအနီး၊ ရှိန်ဂတ်ဘွန်စခန်းမှာ တိုက်ပွဲဖြစ်နေတာ ဒီနေ့ အင်္ဂါနေ့မှာဆို ၅ ရက်ရှိပြီဖြစ်ပါတယ်။ စစ်တပ်နဲ့ KIA တပ်တွေ နောက်ထပ်တိုက်ပွဲဖြစ်ခဲ့တာကတော့ လုံရှာယန်အနီးမှာဖြစ်ပါတယ်။ တိုက်ပွဲဟာ မနက် ၅ နာရီဝန်းကျင်လောက်က စတင်ပြီး ၁ နာရီနီးပါးလောက် ကြာမြင့်ခဲ့တာပါ။ ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းက လုံရှာယန်ရွာအနီးမှာ တိုက်ပွဲဖြစ်ပွားနေတာကြောင့် ရွာသူ၊ ရွာသားအများစုဟာ တောတောင်တွေ ဘက်ကို ထွက်ပြေးပုန်းခိုနေကြရပါတယ်။

ဒီနေ့ တိုက်ပွဲဖြစ်ပွားချိန်မှာ ပိုပြီး ဘေးကင်းနိုင်မယ့် တောတောင်လျှိုမြောင်တွေဘက်ကို ထပ်မံတိမ်းရှောင်နေကြ ရကြောင်း ဒေသခံအမျိုးသမီးတဦးက ဗွီအိုအေကို ပြောပြပါတယ်။

“ဒီမနက် ၅ နာရီလောက်က ဟုတ်တယ်ဆရာ။ တနာရီလောက်ရှိမလား ခနလေးပဲ။ လုံရှာယန်နဲ့ တမိုင်ကျော်ကျော်လောက် ဝေးတယ်။ ရွာကနေပေါ့။ ဒါပေမယ့် အဲဒီမှာလည်း ရွာတော့ ရှိတယ်။ အခုက တောမှာ တောင်တက်နေတာ။ အဲဒါ လေယာဉ်တွေ ဗုံးတွေ အဲလိုမျိုးကြောက်လို့ လေ။ ဟိုတခေါက်ရွာမှာ ရွာလယ်မှာ အဲလို လက်နက်ကြီးတွေ ပစ်လို့လေ နော။ အခုက တောင်ကြိုတောင်ကြား တက်နေတယ်။”

အခုလို ပူတာအိုမြို့မှာ တိုက်ပွဲတွေ ပြင်းထန်နေတာကြောင့် KIA က မြစ်ကြီးနား- ပူတာအိုလမ်းကို လကုန်အထိ ပိတ်ထားလိုက်တယ်လို့ ဒေသခံတယောက်က ပြောပါတယ်။

ဖေဖော်ဝါရီလ ၁ ရက်နေ့ကစတင်ပြီး KIA ၊ PDF ပူးပေါင်းတပ်တွေက ပူတာအိုမြို့နယ်အတွင်းရှိ စစ်ကောင်စီတပ်စခန်း ၃ နေရာကို တိုက်ခိုက်ခဲ့ပါတယ်။ ၃ ရက်နေ့မှာတော့ ဆွမ်ပီယန်ကျေးရွာကို စစ်ကောင်စီဘက်က လေကြောင်းကနေ တိုက်ခိုက်ခဲ့တဲ့နောက် လုံရှာယန်နဲ့ ဆွမ်ပီယန်ကျေးရွာဘက်က ဒေသခံ အနည်းဆုံး ၇,၀၀၀ ကျော်ဟာ တောတောင်တွေအတွင်းမှာ ပုန်းရှောင်နေကြရပါတယ်။

စစ်ကောင်စီတပ်ဘက်က စစ်အင်အားတိုးမြှင့်နေတာကြောင့် လာမယ့်ရက်ပိုင်းတွေအတွင်း တိုက်ပွဲတွေဆက်ဖြစ်လာနိုင်တယ်လို့ KIA ဘက်ကသုံးသပ်ထားပါတယ်။

ဒီသတင်းနဲ့ပတ်သက်ပြီးမေးမြန်းနိုင်ဖို့ စစ်ကောင်စီပြောရေးဆိုခွင့်ရှိသူကို ဆက်သွယ်ခဲ့ပေမဲ့ ဆက်သွယ်လို့ မရသေးပါဘူး။

https://burmese.voanews.com/a/myanmarviolence-kachinfighting-kiakachin-voaburmese-လုံရွာယန◌-ပူတာအို-တနွ်န◌-ေနာ္ူ-စစ◌ေကာင္စီတပ◌-ဗိုအိုေအ-/6453669.html

----------------------------------------------------------------------------------------------

## ဖယ်ခုံတိုက်ပွဲ၌ စစ်ကောင်စီတပ် ၅ ဦးထက်မနည်းသေဆုံး၊ လက်နက်အချို့ PDF သိမ်းဆည်းရမိ

Published By DVB | 22 February, 2022



Photo : PDF Pekhon

ရှမ်းပြည်တောင်ပိုင်း ဖယ်ခုံမြို့ လွယ်ပါသာ ဘုရားတောင်နဲ့ ကုန်းဆုံးဘုရားတောင်တို့မှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်ကို ဖယ်ခုံ PDF နဲ့ မဟာမိတ်အဖွဲ့က ဖေဖော်ဝါရီ ၂၂ ရက် ဒီကနေ့ မနက် ၆ နာရီလောက် တိုက်ခိုက်ခဲ့တာကြောင့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၅ ဦးထက်မနည်း သေဆုံးတယ်လို့ ဖယ်ခုံ PDF က သတင်းထုတ်ပြန်ပါတယ်။

တိုက်ပွဲအတွင်း ဖယ်ခုံ PDF နဲ့ ပူးပေါင်းတပ်တို့က လက်နက်ကြီး BA 100  တလှည့်၊ MA နစ်လက်အပြင် ကျည်တွေနဲ့ စစ်သုံးပစ္စည်းတွေကို သိမ်းပိုက်ခဲ့တယ်လို့ ဆိုပါတယ်။

“လွယ်ပါတောင်ဆိုတာ ဖယ်ခုံမြို့ကနေ တမိုင်လောက်ရှိတဲ့ရွာပေ့ါ။ အဲဒီတောင်ပေါ်မှာ တပ်စွဲထားတဲ့တပ်ကို တပ်မ ၅၅ ရဲ့ လက်အောက် ခလရ ၇ လို့ သိရတယ်။ အဲဒီတပ်က တပ်စွဲထားတဲ့တပ်ကို ကျနော်တို့ ဖယ်ခုံ PDF က ဝင်တိုက်တာဗျာ။ သူတို့ရဲ့စခန်းထဲကို ဝင်ပစ်တာပေ့ါ။ စခန်းထဲအထိရောက်တယ်။ ကျနော်တို့စခန်းထဲ ရောက်တဲ့အချိန် သူတို့က စခန်းအပြင်ဘက်ကို သူတို့က ထွက်ပြေးတယ်။ ကျနော်တို့က သူတိုစခန်းတွင်းဘက်ကနေပြီး အပြင်ကို ထွက်ပြေးသွားတဲ့ စစ်ကောင်စီတပ်သားတွေနဲ့ ပြန်ပြီးတော့ တိုက်ကြတာပေ့ါ။”

တိုက်ပွဲကြောင့် ဖယ်ခုံ PDF က ရဲဘော် ၃ ဦးဒဏ်ရာရပြီး ၁ ဦးက စိုးရိမ်ရတဲ့ အခြေအနေရှိတယ်လို့ ဖော်ပြထားပါတယ်။

ဒီတိုက်ပွဲဖြစ်ပြီးနောက် ဖယ်ခုံဒေသတဝိုက်ကိုလည်း စစ်ကောင်စီက လက်နက်ကြီးတွေနဲ့ လှမ်းပြီး ပစ်ခတ်တိုက်နေတာလို့ ပြောပါတယ်။

https://burmese.dvb.no/archives/518394

---------------------------------------------------------------------------------------------------

## မိုးဗြဲတိုက်ပွဲတွင် စစ်ကောင်စီတပ်သား ၆၀ ကျော်သေဆုံး၊ သံချပ်ကာကား ၂ စီး ပျက်စီး

Published By DVB | 22 February, 2022

ရှမ်းပြည်နယ်တောင်ပိုင်း မိုးဗြဲမြို့နယ်က  ၆ ရက်တိုက်တာ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်သား ၆၀ ကျော်သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့တယ်လို့ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) က ထုတ်ပြန်ပါတယ်။



မိုးဗြဲမြို့နယ်မှာ ဖေဖော်ဝါရီ ၁၆ ရက်ကစပြီး စစ်ကောင်စီတပ် ထိုးစစ်ဆင်တာကြောင့် ကရင်နီပူးပေါင်းတပ်ဖွဲ့တွေနဲ့ တိုက်ပွဲပြင်းထန်နေတာပါ။

စစ်ကောင်စီတပ်က မိုးဗြဲမြို့အတွင်းမှာ တပ်စွဲထားပြီး မိုးဗြဲမြို့နဲ့ အနီးတဝိုက် လွယ်ယင်းမင်္ဂလာနဲ့ ဟိုက်ကွီဆည်စစ်ကြောင်း၊ မိုးဗြဲမြို့မစစ်ကြောင်း၊ လွိုင်ကော်ဘုရားဖြူစစ်ကြောင်း စုစုပေါင်း စစ်ကြောင်း ၃ ခုနဲ့ ထိုးစစ်ဆင်နေတာကြောင့် ကရင်နီပူးပေါင်းတပ်နဲ့တိုက်ပွဲဖြစ်ပွားခဲ့တာပါ။

ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၁ ရက်နေ့အထိ မိုးဗြဲမြို့တိုက်ပွဲအတွင်း အတည်ပြုနိုင်တဲ့ စစ်ကောင်စီတပ်ဘက်က သေဆုံးစာရင်းမှာ ၆၁ ဦးဖြစ်ပြီး အများအပြားထိခိုက်မှုခဲ့ကြောင်းနဲ့ လက်နက်ငယ်တချို့ကို သိမ်းဆည်းရမိခဲ့တယ်လို့ KNDF ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

တိုက်ပွဲအတွင်း စစ်ကောင်စီတပ်ဘက်က တိုက်လေယာဉ်တွေ၊ သံချပ်ကာ အမြောက်ကားတွေအပြင် တာဝေးပစ်လက်နက်ကြီးနဲ့ တိုက်ခိုက်ခဲ့ပါတယ်။

ဇန်နဝါရီ ၁၆ ရက်မှ ၂၁ ရက်နေ့အထိ တိုက်လေယာဉ်၊ ရဟတ်ယာဉ်နဲ့ လေကြောင်းတိုက်ခိုက်မှု ၂၁ ကြိမ်ပြုလုပ်ခဲ့သလို မိုးဗြဲအခြေစိုက် ခမရ-၄၂၂၊ လွိုင်ကော်အခြေစိုက် ခလရ-၂၅၀နဲ့ ခလရ -၂၆၁၊ ဒီးမော့ဆိုမြို့နယ် အခြေစိုက် ခမရ - ၄၂၇ တို့က တာဝေးပစ် ၁၂၀ မမ၊ ၈၀ မမ အမြောက်တွေနဲ့ တစ်နေ့ကို အကြိမ် ၁၀၀ လောက် ပစ်ခတ်ခဲ့တယ်လို့ ဖော်ပြပါတယ်။

ဒ့ါအပြင် မိုးဗြဲမြို့ ဝါရီဆူးဖလိုင် တိုက်ပွဲအတွင်း ဖေဖော်ဝါရီ ၁၇ ရက်က စစ်ကောင်စီရဲ့ သံချပ် ကာကား ၂ စီးနဲ့ ၁၉ ရက်မှာလည်း လက်နက်ခဲယမ်းထောက်ပို့ကား ၃ စီးကို ကရင်နီ ပူးပေါင်းတပ်ဖွဲ့တွေက တိုက်ခိုက်မီးရှို့ဖျက်ဆီးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

မိုးဗြဲမြို့နဲ့ ဝါရီဆူးဖလိုင်ကျေးရွာတိုက်ပွဲအတွင်း စစ်ကောင်စီတပ်က ဝါရီဆူးဖလိုင်နဲ့ ဝီသဲကူးကျေးရွာတွေက နေအိမ်တွေကို မီးရှို့ဖျက်ဆီးခဲ့သလို ဝါရီဆူးဖလိုင် ရွာသားတချို့ကိုလည်း ဖမ်းဆီးပြီး လူသားဒိုင်းအဖြစ်အသုံးပြုခဲ့တယ်လို့ KNDF ထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

ဒ့ါအပြင် စစ်ကောင်စီဘက်က မိုးဗြဲမြို့နဲ့ အနီးတဝိုက် ကျေးရွာတွေကို လက်နက်ကြီးတွေနဲ့ ပစ်ခတ်ခဲ့တာကြောင့် အရပ်သားပြည်သူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။

တိုက်ပွဲအတွင်း KNDF ရဲဘော် ၈ ဦးနဲ့ ပြည်သူ့ကာကွယ်ရေးမဟာမိတ်တပ်ဖွဲ့ဝင်ရဲဘော်တချို့ ကျဆုံးခဲ့ရကြောင်းလည်း ဖော်ပြထားပါတယ်။

https://burmese.dvb.no/archives/518433

--------------------------------------------------------------------------------------------------------

## ရှမ်းပြည်နယ် မိုးဗြဲနဲ့ ဖယ်ခုံတဝိုက်တိုက်ပွဲပြင်းထန်

၂၂ ဖေဖော်ဝါရီ ၂၀၂၁

ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်နယ်စပ် မိုးဗြဲမြို့နယ် လွယ်ရင် မင်္ဂလာကျေးရွာတဝိုက်မှာ စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေးတပ်တွေ တိုက်ပွဲပြင်းထန်ခဲ့ပါတယ်။ တိုက်ပွဲအတွင်း စစ်တပ်ဘက်က လေကြောင်းတိုက်ခိုက်မှုတွေပါလုပ်ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။ မိုးဗြဲနယ်ထဲမှာ တိုက်ပွဲပြင်းထန်နေတာ ဒီနေ့ဆိုရင် ၇ ရက်ဆက်တိုက် ရှိနေပါပြီ။ လေယာဉ်နဲ့ပစ်ခတ်မှုတွေကြောင့် အိုးအိမ်စွန့်ခွာ ဘေးလွတ်ရာကို ထွက်ပြေးနေကြတဲ့ ဒေသခံတွေ နေထိုင်စားသောက်ရေး အခက်အခဲတွေ

ဖြစ်နေပါတယ်။ ရှမ်းပြည်နယ်ထဲက တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်မှာလည်း ဒီနေ့ မနက်ပိုင်းက တိုက်ပွဲ ၂ ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ ရှမ်းပြည်နယ်ထဲက တိုက်ပွဲတွေအကြောင်း ရန်ကုန်ကလာတဲ့ သတင်းတွေကို နန်းလောဝ်က တင်ပြပေးထားပါတယ်။

ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တွေနဲ့ စစ်ကောင်စီတပ်တွေအကြား လွန်ခဲ့တဲ့ ၇ ရက်ထဲက နေ့စဉ်ရက်ဆက် တိုက်ပွဲ ပြင်းထန်နေတဲ့ မိုးဗြဲမြို့နယ်မှာ ဖေဖော်ဝါရီ ၂၂ ရက် ဒီနေ့မနက်ပိုင်းက တိုက်ပွဲပြင်းထန်ခဲ့ပါတယ်။ မိုးဗြဲမြို့နယ် လွင်ရင်းမင်္ဂလာကျေးရွာတဝိုက်မှာ မနက်ပိုင်းက လက်နက်ကြီး လက်နက်ငယ် ဆက်တိုက် ပစ်ခတ်နေတယ်လို့ ဒေသခံတဦးက ဗွီအိုအေကို ပြောပါတယ်။

“မနေ့ည ညမိုးချုပ်ချိန်လည်း ကြားတယ်။ နောက် ဒီမနက်လည်း ပစ်ခတ်မှုတွေ ရှိပါတယ်။ အခုလေးတင်လည်း ဖြစ်ပါတယ်။ လက်နက်ကြီးလည်းပစ်တယ်။ လက်နက်ငယ်တွေလည်း ပစ်တယ်ပေါ့နော်။ အိမ်မီးလောင်တာလည်း တွေ့ရတယ်။ မီးခိုးတွေ ထူနေတာတွေ့ရတယ်။ မိုးဗြဲမြို့တောင်ဘက် အဲ့ဒီ လွယ်ရင်းမင်္ဂလာကျေးရွာတွေ ရှိတယ်။ အဲ့ဘက်တကျောတွေပေါ့နော်။ အဲဒီဘက်တကျောမှာ အခုလေးတင်လည်း ပစ်ခတ်တယ်။ နောက်ပိုင်းက စစ်ကောင်စီတွေက ရက်တိုင်းလိုလိုသူတို့ လေကြောင်းတိုက်ခိုက်မှုတွေ တော်တော်လေးပြုလုပ်လာကြတာပေါ့နော်။ မနေ့ညလည်း တိုက်ပွဲဖြစ်တယ်။ ဒီမနေ့ညဖြစ်တာလည်း လေကြောင်းလိုင်းတွေ သုံးတာပေါ့နော်။ ခါတိုင်းနေ့လည်း သူတ့ုိသုံးတာ၊ ရက်တိုင်းလိုလိုသုံးပါတယ်။ သူတို့က ပိုပိုပြီးမှ ပြုလုပ်လာတဲ့ အချက်တွေပေါ့နော်။”

တနင်္လာနေ့ညတုန်းကလည်း ဝါရီဆူးဖလိုင်ကျေးရွာ၊ ဝီသဲကူးကျေးရွာတွေဘက်မှာ တိုက်ပွဲတွေ ပြင်းထန်ခဲ့ပြီး စစ်တပ် က စစ်လေယာဉ်တွေနဲ့ ဗုံးကြဲ ပစ်ခတ်တိုက်ခိုက်ခဲ့တယ်လို့ ပြောပါတယ်။ အခုရက်ပိုင်း မိုးဗြဲတိုက်ပွဲတွေအတွင်း စစ်တပ်က တင့်ကားတွေအပါအဝင် အင်အားအမြောက်အများနဲ့တိုက်ခိုက်တဲ့အပြင် လေကြောင်းကနေပါ တိုက်ခိုက်နေတာဖြစ်တယ်လို့ ဒေသခံတွေက ပြောပြပါတယ်။ စစ်ကောင်စီတပ်တွေ တပ်စွဲနေရာယူထားတဲ့ ဝါရီဆူးဖလိုင်ကျေးရွာမှာ နေ့စဉ် နေအိမ်မီးလောင်နေတာ မြင်ရပေမယ့် မီးမငြိမ်းနိုင်ဘူးလို့ ဒေသခံက ပြောပါတယ်။

“စစ်ကောင်စီ ဒီဝါရီဆူးဖလိုင်းရွာထဲမှာ တပ်စွဲနေတာကိုးနော်။ ဝင်လို့ကို မရဘူးပေါ့နော်။ ဒါပေမယ့် တော်တော်များများကို (နေအိမ်မီး) လောင်မယ်လို့ ကျနော် ထင်တာပေါ့နော်။ အဲ့မှာ အိမ်ခြေက ၂၀၀ ကျော်ပေါ့နော်။ ထက်ဝက်ကျော်လောက် လောင်မယ်လို့ ကျနော် ခန့်မှန်းကြည့်လို့ရတာပေါ့နော်။ ဒီလောင်တာတော့ ရက်တိုင်းလိုလိုလောင်တာပေါ့နော်။”

ဖေဖော်ဝါရီ ၁၆ ရက်နေ့ကတည်းက မိုးဗြဲနယ်မှာ တိုက်ပွဲတွေ စတင်ခဲ့ပြီး ဒီနေ့အထိ ၇ ရက် ဆက်တိုက် နေ့စဉ် ဖြစ် ပွားနေတာပါ။ တရက်ထက်တရက် တိုက်ပွဲနေရာတွေ ကျယ်လာပြီး စစ်ဘေးဒုက္ခသည်တွေအတွက် ခိုလှုံဖို့ နေရာ အခက်အခဲဖြစ်တဲ့ အပြင် စားရေးသောက်ရေး အကူအညီတွေလည်း လိုအပ်နေတာလို့ နောက်ထပ် ဒေသခံတဦးက ပြောပါတယ်။

“ဒီမှာတိုက်ပွဲလည်း ပြင်းထန်နေတော့ ခိုလှုံဖို့ နေရာလည်း ကျနော်တို့အတွက် ခက်ခဲနေတယ်ပေါ့နော်။ အဲ့ဆို စားဝတ်နေရေးတွေကလည်း ပိုခက်လိမ်မယ်ပေါ့။”

တိုက်ပွဲတွေကြောင့် မိုးဗြဲမြို့နယ်မှာ ထောင်နဲ့ ချီတဲ့ ဒေသခံတွေ ဘေးလွတ်ရာကျေးရွာတွေနဲ့ တောတောင်တွေထဲ ထွက်ပြေးတိမ်းရှောင်နေကြရပြီး စစ်ပြေးဒုက္ခသည်တွေ ဆင်းရဲဒုက္ခအမျိုးမျိုးကြုံနေကြရပါတယ်။

မိုးဗြဲမြို့နယ်ဘက်မှာ တိုက်ပွဲတွေဖြစ်နေသလို ဖယ်ခုံမြို့ လွယ်ပါသာဘုရားတောင်နဲ့ ကုန်းဆုံဘုရားတောင်တို့မှာ ဒီနေ့ မနက်ပိုင်းက တိုက်ပွဲ ၂ ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ စစ်ကောင်စီတပ်တွေ တပ်စွဲနေရာယူထားတဲ့ စခန်းတွေကို ဒေသခံပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တွေနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အပြန်လှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့တယ်လို့ ဖယ်ခုံ ပြည်သူ့ကာကွယ်ရေးတပ် တာဝန်ရှိသူ တဦးက ဗွီအိုအေကို ပြောပါတယ်။

“လွယ်ပါသာဘုရားတောင်ပေါ်မှာ ဒီဟိုဟာ တပ်မ ၅၅ လက်အောက်ခံ ကလောတပ်က ခလရ ၇ ကနေပြီးတော့ အဲဒီမှာ ထိုင်နေတယ်လေ။ အင်အားကတော့ ၂၀ ကျော်လောက်ရှိမယ်ထင်တယ်။ အဲ့ဒီမှာ မိုးလင်းတာနဲ့ ၆ နာရီအချိန်မှာသူတို့စခန်းထဲ အလစ်ငိုက်ဝင်ပြီးတော့ ကျနော်တို့က ထိုးဖောက်ဝင်ပြီးတော့ အဲ့ဒီမှာ တိုက်ပွဲအနီးကပ်ဖြစ်ကြတာဗျ။ စစ်ကောင်စီတပ်ကတော့ အနီးကပ်တွေ့ရတဲ့ အလောင်းတွေကတော့ ၅ ဦးထက်တော့ မနည်းဘူး ရှိတယ်၊ နောက်ပြီး ဒဏ်ရာရတဲ့လူလည်း အများအပြားရှိတယ်။”

ထိခိုက်သေဆုံးမှုကိုတော့ ဗီအိုအေက သီးခြားအတည်မပြုနိုင်ပါဘူး။ ဒီတိုက်ခိုက်မှုတွေအတွင်း စစ်တပ်ဘက်က လက်နက်နဲ့ ကျည်ဆံတချို့ စစ်သုံးပစ္စည်းတွေ အနည်းငယ် သိမ်းဆည်းရမိခဲ့တယ်လို့လည်းပြောပါတယ်။ လတ်တလော မိုးဗြဲနဲ့ ဖယ်ခုံ တိုက်ပွဲနဲ့ ပတ်သတ်လို့ စစ်ကောင်စီဘက်က တစုံတရာ ထုတ်ပြန်တာ မရှိသေးပါဘူး။

https://burmese.voanews.com/a/myanmarmilitarycoup-myanmarviolence-shanfighting-voaburmese-မိုးဗြဲ-ဖယ္ခုံ-လြယ္ပင◌္-ဝါရီဆူး-စစ◌္ေကာင္စီတပ◌္-ဗီြအိုေအ-pdf/6453906.html

------------------------------------------------------------------------------------------------------------

## သံတွဲအကျဉ်းထောင်တွင်း ကျဆုံးခဲ့သည့် ၂ နှစ်သမီးအပါအဝင် အပြစ်မဲ့ကျဆုံးပြည်သူ ၁၅၆၆ ဦးရှိလာ

Published By DVB | 22 February, 2022




မြန်မာနိုင်ငံမှာ မတရားအာဏာသိမ်းကာလ ၁ နှစ်ကျော်အကြာ စစ်ကောင်စီတပ်တွေရဲ့ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၁၅၆၆ ယောက်နဲ့ ဖမ်းဆီး ထိန်းသိမ်းခံရသူပေါင်း ၁၂၂၄၉ ယောက်ထိ ရှိလာခဲ့ပြီလို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ်ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၉၂၃၆ ယောက် လက်ရှိချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၇၁၉ ယောက်ကတော့ ထောင်ဒဏ်ချမှတ်ခံထားရပါတယ်။

ပြစ်ဒဏ်ကျခံရသူတွေထဲက အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက်အပါအဝင် ၄၅ ယောက်ကတော့ သေဒဏ်ချမှတ်ခံထားရတယ်လို့ ဆိုပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတာကြောင့် တိမ်းရှောင်နေသူ ၁၉၇၃ ယောက်ထဲက မျက်ကွယ် သေဒဏ်ချမှတ်ခြင်းခံထားရသူ ၃၉ ယောက်အပါအဝင် ၁၁၈ ယောက်ကတော့ မျက်ကွယ် ပြစ်ဒဏ်ချခံထားရပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၈၄ ယောက် ရှိပြီဖြစ်ပါတယ်။

ဖေဖော်ဝါရီ ၁၉ ရက်မနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်အတွင်းက ပေလယ်ကျေးရွာကို စစ်သားတွေနဲ့ ပျူစောထီးတွေ ဝင်ရောက်စီးနင်းခဲ့ပြီး လက်နက်ကြီးတွေနဲ့ ပစ်ခတ်တာကြောင့် ရွာတောင်ပိုင်းက နေအိမ်တစ်လုံးမှာ ပုန်းခိုနေတဲ့ မိသားစုဝင် ၃ ယောက်ဖြစ်ကြတဲ့ အသက် ၄၀ ကျော်အရွယ် ဒေါ်သန်းနွယ်၊ သားဖြစ်သူ ၂၇ နှစ်အရွယ် ကို ချမ်းငြိမ်းအောင်နဲ့ သမီးဖြစ်သူ ၂၂ နှစ်အရွယ် မဖူးဖူး၊ တခြားရွာသား ၁ ယောက်ဖြစ်ကြတဲ့ ဦးချစ်ကောင်းတို့ဟာ နေရာတင် ကျဆုံးသွားခဲ့ကြောင်း သိရှိရပါတယ်။ ဒ့ါအပြင် ကျေးရွာအတွင်း အကြမ်းဖက်စစ်အုပ်စုက ပစ်ခတ်တာကြောင့် အဆိုပါမိသားစုဝင် ၃ ယောက်ရဲ့ အိမ်ထောင်ဦးစီးဖြစ်သူ အသက် ၅၀ ကျော်အရွယ် ဦးသိန်းဇော်နဲ့ ၈ တန်းကျောင်းသား မောင်ဟိန်းကိုဦးတို့လည်း ကျဆုံးသွားခဲ့ကြောင်း သိရှိရပါတယ်။

ရခိုင်ပြည်နယ်၊ သံတွဲမြို့မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနဲ့ ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ မငြိမ်းအိဖြိုးကျော်ရဲ့ သမီးဖြစ်သူ အသက် ၂ နှစ်အရွယ်ရှိ မရွှေယွန်းအိမ်ဟာ ဖေဖော်ဝါရီလ ၁၇ ရက်ည ၁၁ နာရီအချိန် သံတွဲအကျဉ်းထောင်ထဲမှာ သေဆုံးသွားခဲ့ကြောင်း သိရှိရပါတယ်။ မရွှေယွန်းအိမ်ဟာ ကျန်းမာရေးအခြေအနေကြောင့် ခွဲစိတ်ထားရတဲ့ ကလေးငယ်ဖြစ်ပြီး အကျဉ်းထောင်တွင်း အခြေအနေတွေကြောင့် သေဆုံးသွားရတာလို့ သိရှိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေးကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကိုသိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။ဒ့ါအပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီးအချက်အလက်တွေကို [detention-data@aappb.org](mailto:detention-data@aappb.org) အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

[https://burmese.dvb.no/archives/518357](https://burmese.dvb.no/archives/518357)

-----------------------------------------------------------------------------------------------------

## OIC က ကြိုးကိုင်နေ၍ အမှုကို လက်မခံသင့်ဟု ICJ တွင် စစ်ကောင်စီကိုယ်စားလှယ်ပြော

By ဧရာဝတီ | 22 February 2022

မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက စွဲဆိုထားသောအမှုတွင် နောက်ကွယ်၌ အစ္စလာမ်နိုင်ငံများ ပူးပေါင်းဆောင်ရွက် ရေးအဖွဲ့ (OIC) က ကြိုးကိုင်နေသဖြင့် အမှုကို လက်မခံသင့်ကြောင်း အာဏာသိမ်းမြန်မာ စစ်ကောင်စီ၏ ကိုယ်စား လှယ်က အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တွင် ပြောကြားသည်။

ဖေဖော်ဝါရီလ ၂၁ ရက်က နယ်သာလန်နိုင်ငံ The Hague တွင် ပြုလုပ်သည့် မြန်မာနိုင်ငံက ရိုဟင်ဂျာများအပေါ် လူမျိုးတုန်းသတ်ဖြတ်သည်ဆိုသော ဂမ်ဘီယာက မြန်မာအပေါ်စွဲဆိုထားသော အမှုဆိုင်ရာ ကြားနာပွဲတွင် မြန်မာ စစ်ကောင်စီငှားရမ်းထားသော ဗြိတိန်အခြေစိုက် ဥပဒေပညာရှင် ရှေ့နေများက ပြောဆိုခြင်းဖြစ်သည်။

အဆိုပါကြားနာပွဲကို စစ်ကောင်စီခန့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးကိုကိုလှိုင်၊ ရှေ့နေချုပ် ဒေါ်သီတာဦးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လူကိုယ်တိုင်တက်ရောက်ခဲ့ခြင်းဖြစ်သည်။

မြန်မာစစ်ကောင်စီ၏ ရှေ့နေတဦးဖြစ်သူ Christopher Staker က“ဥပဒေအရဆိုရင် နိုင်ငံတကာ အဖွဲ့အစည်း တခု ကနေ သူတို့ ကြိုးဆွဲရာကမယ့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို အသုံးချပြီး၊ ဒီအမှုကို တရားရုံးမှာတင်သွင်း လာတာမျိုးက မဖြစ်သင့်ပါဘူး။ ဒီပြောကြားချက်နဲ့ ပက်သက်လို့၊ ဂမ်ဘီယာနိုင်ငံဘက်က ခိုင်လုံတဲ့ အကြောင်းပြချက်ပေးတာ မရှိသေးပါဘူး” ဟု ဆိုသည်။

ယင်းအပြင် မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှု တားဆီးရေး ဂျီနီဗာကွန်ဗန်းရှင်း သဘောတူစာချုပ်ကို လက်မှတ် ရေးထိုးထား သော်လည်း အဆိုပါစာချုပ်တွင် သက်ဆိုင်ရာ နိုင်ငံအစိုးရ၏ သဘောတူညီချက်မရှိဘဲ အရေးယူ ဆောင်ရွက်ခွင့်မရစေရန် ပြဋ္ဌာန်းထားကြောင်း မြန်မာစစ်ကောင်စီ၏ ရှေ့နေများက ထောက်ပြသည်။

အာဏာသိမ်း စစ်ကောင်စီ၏ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ဦးကိုကိုလှိုင်ကလည်း “ICJ တရားရုံး အနေ နဲ့ ဒီအမှုကို စစ်ဆေးစီရင်ခွင့်မရှိဘူးလို့ မြန်မာနိုင်ငံဘက်က လျှောက်လဲနေတာဟာ၊ ဂမ်ဘီယာနိုင်ငံဘက်က တင်သွင်း တဲ့ ဒီအမှုအတွက် အဖြေမရှိတဲ့ သဘောမဟုတ်ပါဘူး။ မြန်မာနိုင်ငံ အစိုးရအနေနဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ ကာလရှည်ကြာရှိနေတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ သံန္နိဋ္ဌာန် ချမှတ်ပြီး ဆောင်ရွက်နေပါတယ်” ဟု တရားရုံးတွင် ထွက်ဆိုသည်။

မြန်မာစစ်ကောင်စီနှင့်အပြိုင် ICJ တွင် မြန်မာနိုင်ငံကိုယ်စားပြု ထွက်ဆိုခွင့်ရရေးကြိုးပမ်းခဲ့သည့် မြန်မာအမျိုးသား ညီညွတ်ရေးအစိုးရ (NUG) ကလည်း ICJ ၌ စစ်ကောင်စီကိုယ်စားလှယ်များ ထွက်ဆိုနေစဉ်မှာပင် အွန်လိုင်းမှတဆင့် သတင်းစာရှင်းလင်းပွဲ တရပ်ပြုလုပ်ခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် အာဏာသိမ်းမြန်မာစစ်ကောင်စီကို အမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံကိုယ်စားပြု လက်ခံထွက်ဆိုခွင့်ပြုသည့်အပေါ် ကန့်ကွက်ကြောင်း ၊ ICJ ၏ ဆုံးဖြတ်ချက်များကို NUG က စောင့်ကြည့်နေကြောင်း NUG လူ့အခွင့်အရေးဝန်ကြီး ဦးအောင်မျိုးမင်းက ပြောသည်။

NUG နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်ကလည်း ICJ ၌ မြန်မာစစ်ကောင်စီ၏ ကိုယ်စားလှယ်အဖွဲ့ လာရောက် ထွက်ဆိုနေခြင်း သည် နိုင်ငံတော်ကို ကိုယ်စားပြုခွင့်မရှိသူများက လာရောက်ကိုယ်စားပြုနေခြင်းသာဖြစ်ကြောင်း မှတ်ချက်ပေးသည်။

“ကျမတို့တိုင်းပြည်ထဲမှာ အာဏာသိမ်းပြီးနောက် ဖြစ်နေတဲ့ ပြဿနာက ဘာလဲဆိုတော့ တိုင်းပြည်ကို State ဆိုတဲ့၊ နိုင်ငံတော်ကို ဘယ်သူကိုယ်စားပြုသလဲဆိုတဲ့ပြဿနာ။ အဲဒီတော့ ICJ ကိုယ်နှိုက်ကိုက နိုင်ငံတော်ကို တရားစွဲထား တာဖြစ်တယ်။ စစ်တပ်ဆိုတဲ့ မင်းအောင်လှိုင်ကို တရားစွဲထားတာမဟုတ်ဘူး။ Case ကိုယ်နှိုက်ကိုက မြန်မာနဲ့ ဂမ်ဘီယာနဲ့ဖြစ်နေတာ State ဆိုတာဖြစ်တယ်ပေါ့နော်။ အဲဒီတော့ စစ်တပ်ဆိုတာ State ထဲက institution တခုဖြစ်တဲ့အတွက် ဘယ်စစ်တပ်ကမှ ကိုယ်စားပြုခွင့်မရှိဘူး။ တကယ့်တကယ်ကျတော့ – ဘယ် ပရော်ဖက်ရှင်နယ်စစ်တပ်ကမှ နိုင်ငံတော်ကို ကိုယ်စားပြုလို့မရဘူး” ဟု ဒေါ်ဇင်မာအောင်က ပြောသည်။

ICJ တရားသူကြီးဥက္ကဋ္ဌ Joan E donoghue ကမူ စစ်ကောင်စီကို တရားရုံး တက်ရောက်ခွင့်ပေးခြင်းသည် ICJ အနေနှင့် အစိုးရအဖြစ် အသိအမှတ် ပြုပေးခြင်းမဟုတ်ဘဲ နိုင်ငံကိုယ်စားပြုတက်ရောက်ခွင့်ပြုခြင်းသာ ဖြစ်ကြောင်း တရားရုံးကြားနာပွဲမစမီတွင် ပြောဆိုထားသည်။

တရားရုံးကြားနာပွဲကို The Hague တွင် လေးရက်တာ ပြုလုပ်မည်ဖြစ်ပြီး လာမည့်ဖေဖော်ဝါရီလ ၂၅ ရက်တွင် မြန်မာဘက်က ဒုတိယအကြိမ် လျှောက်လဲမည်ဖြစ်သည်။

ယင်းနောက် ဖေဖော်ဝါရီလ ၂၃ ရက်နှင့် ၂၈ ရက်တို့တွင် ဂမ်ဘီယာနိုင်ငံ ကိုယ်စားပြု ဥပဒေပညာရှင်များက လျှောက်လဲချက်ပေးမည်ဖြစ်ကြောင်း ICJ ၏ ထုတ်ပြန်ချက်အရသိရသည်။

https://burma.irrawaddy.com/news/2022/02/22/250077.html

------------------------------------------------------------------------------------------

## ကုလနိုင်ငံတွေ မြန်မာစစ်တပ်ကို လက်နက် ရောင်းနေကြောင်း အစီရင်ခံစာထွက်

2022.02.22




Photo - UN

မြန်မာနိုင်ငံမှာ အရပ်သားတွေကို တိုက်ခိုက်နေတဲ့စစ်တပ်ကို အားပေးရာရောက်တဲ့ လက်နက်ပစ္စည်း တင်ပို့ရောင်းချနေတာတွေ ချက်ချင်းရပ်အောင် လုံခြုံရေးကောင်စီကနေ ဆွေးနွေးဆုံးဖြတ်ဖို့ မြန်မာနိုင်ငံ ဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာတွမ်အန်ဒရူးက ဒီနေ့တိုက်တွန်းလိုက်ပါတယ်။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေက မြန်မာစစ်တပ်ကို လက်နက်ရောင်းနေတယ်လို့ အမည်ပေးထားတဲ့ စာမျက်နှာ ၄၀ ပါတဲ့ အစီရင်ခံစာသစ်တစေစောင်ကို မစ္စတာအန်ဒရူးက ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီမှာတင်သွင်းလိုက်တာပါ။

မြန်မာစစ်တပ်ဟာ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံတွေ ဖြစ်တဲ့ တရုတ်နဲ့ ရုရှားဆီကရော၊ ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်တဲ့ အိန္ဒိယ၊ ဘယ်လာရုစ်၊ ယူကရိန်း၊ အစ္စရေးလ်၊ ဆားဘီးယား၊ ပါကစ္စတန်နဲ့ တောင်ကိုးရီးယားနိုင်ငံတွေဆီကနေ လက်နက်ပစ္စည်းတွေ ဝယ်ယူရရှိနေတယ်လို့ သူ့ရဲ့ အစီရင်ခံစာမှာ ထောက်ပြထားပါတယ်။

တရုတ်၊ ရုရှားနဲ့ ဆားဘီးယားဟာ စစ်တပ်အာဏာမသိမ်းခင်ကရော၊ အာဏာသိမ်းပြီးတဲ့နောက်မှာပါ စစ်လက်နက်ပစ္စည်းတွေ ရောင်းချတင်ပို့ခဲ့ပြီး၊ ကျန်တဲ့နိုင်ငံတွေကတော့ ၂၀၁၈ ခုနှစ်ကနေ စစ်တပ် အာဏာမသိမ်းခင်ထိ ရောင်းပေးခဲ့တယ်လို့ သူ့ရဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

လက်နက်တွေဟာ အရပ်သားတွေကိုသတ်ဖြတ်ဖို့ဆိုတာ ယုံမှားသံသယဖြစ်စရာမလိုတဲ့အတွက် မြန်မာကို လက်နက်မရောင်းသင့်တဲ့အကြောင်း၊ မြန်မာစစ်တပ်ရဲ့ ကြမ်းကြုတ်ရက်စက်မှုတွေ ရပ်အောင် စလုပ်ရမှာကတော့ စစ်လက်နက်ပစ္စည်း ပိတ်ပင်တားမြစ်ဖို့သာ ဖြစ်တဲ့အကြောင်းနဲ့ လက်နက်ပိတ်ပင်ဖို့ ကမ္ဘာကြီးကနောက်ကျလေလေ၊ မြန်မာပြည်မှာ ကလေးတွေအပါအဝင် အရပ်သားတွေ ပိုအသတ်ခံရလေ ဖြစ်နေတယ်လို့ မစ္စတာအန်ဒရူးက ပြောပါတယ်။

ပြီးခဲ့တဲ့နှစ် အာဏာသိမ်းပြီးကတည်းက မြန်မာစစ်တပ်ရဲ့အကြမ်းဖက်လုပ်ရပ်တွေထင်ထင် ရှားရှားပေါ်ပေါက်နေပေမယ့်၊ လုံခြုံရေးကောင်စီ အဖွဲ့ဝင်တွေဖြစ်တဲ့ တရုတ်နဲ့ရုရှားဟာ ဂျက်တိုက်လေယာဉ်တွေ၊ သံချပ်ကာကားတွေ ရောင်းချတင်ပို့ခဲ့သလို၊ နောက်ထပ်လည်း ရောင်းဦးမယ့်အကြောင်း ကတိပေးထားတယ်လို့ ဆိုပါတယ်။

အဲဒါအပြင် ဆားဘီးယားအစိုးရကလည်း လောင်ချာတွေ၊ လက်နက်ကြီးကျည်တွေ မြန်မာစစ်တပ်ကို ရောင်းဖို့ဆုံးဖြတ်ခဲ့တယ်လို့ ထောက်ပြပါတယ်။

မြန်မာကို စစ်လက်နက်ပစ္စည်း ရောင်းချတင်ပို့တာ တားဆီးဖို့၊ ကုလသမဂ္ဂက အဖွဲ့ဝင်နိုင်ငံတွေကို ပြီးခဲ့တဲ့နှစ် ဇွန်လက တိုက်တွန်းတဲ့ဆုံးဖြတ်ချက် ချခဲ့ပါတယ်။

အဲဒီဆုံးဖြတ်ချက်ကိုလည်း မြန်မာပြည်သူတွေ၊ အရပ်ဖက် အဖွဲ့အစည်းတွေနဲ့ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့တွေက ကြိုဆိုခဲ့ပါတယ်။

ဒါပေမဲ့ လိုက်နာဆောင်ရွက်ဖို့ ပျက်ကွက်ခဲ့ကြတဲ့အတွက် အမျက်ဒေါသထွက်စရာလည်း ဖြစ်ခဲ့ကြတယ်လို့ ဆိုပါတယ်။

ဒါကြောင့် အရပ်သားတွေကို သတ်ဖြတ်နေတဲ့ စစ်လက်နက်ပစ္စည်းတွေ မြန်မာကိုရောင်းချတင်ပို့တာ တားမြစ်ပိတ်ပင်မယ့် ဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီအနေနဲ့ ့စဉ်းစားဆုံးဖြတ်သင့်ပြီလို့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာတွမ်အန်ဒရူးက တိုက်တွန်းလိုက်ပါတယ်။

https://www.rfa.org/burmese/news/un-tom-andrew-urges-security-council-to-stop-weapons-fueling-spike-in-myanmar-junta-02222022070623.html

-----------------------------------------------------------------------------------------------

## စစ်ကောင်စီဝန်ကြီးများအပါအဝင် လူပုဂ္ဂိုလ် ၂၂ ဦးနှင့် ကုမ္ပဏီလုပ်ငန်း ၄ ခုကို အီးယူ ပိတ်ဆို့ဒဏ်ခတ်

Published By DVB | 22 February, 2022

မြန်မာစစ်ကောင်စီဝန်ကြီးတွေ၊ စစ်တပ်အရာရှိကြီးတွေ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တွေ အပါအဝင် လူပုဂ္ဂိုလ် ၂၂ ယောက်နဲ့ စစ်တပ်ဒေါက်တိုင် ကုမ္ပဏီလုပ်ငန်း ၄ ခုကို ပစ်မှတ်ထား ပိတ်ဆို့ ဒဏ်ခတ်လိုက်တယ်လို့ အီးယူ ဥရောပသမဂ္ဂက ဖေဖော်ဝါရီ ၂၁ ရက်မှာ ကြေညာပါတယ်။

မြန်မာနိုင်ငံမှာ စစ်တပ်အာဏာသိမ်းပြီးနောက် လူ့အခွင့်အရေးချိုးဖောက်မှုတွေပိုမိုဖြစ်ပွားနေပြီး သေကျေပျက်စီးမှုအခြေအနေ ဆက်လက်ဆိုးဝါး နေတာကြောင့် ဥရောပကောင်စီအနေနဲ့ မြန်မာစစ်အုပ်စုကို စတုတ္ထ အကြော့ ပိတ်ဆို့ဒဏ်ခတ်အရေးယူမှုတွေ ထပ်လုပ်လိုက်တာလို့ ဆိုပါတယ်။

ဒဏ်ခတ်အရေးယူခံရသူတွေအထဲမှာ စစ်ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်၊ စစ်ကောင်စီခန့် ဝန်ကြီးတွေဖြစ်တဲ့ ဦးအောင်နိုင်ဦး၊ ဦးချာလီသန်း၊ ဒေါ်သက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ စစ်ကောင်စီလက်အောက်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တွေ၊ မြန်မာစစ်တပ် အဆင့်မြင့်အရာရှိကြီးတွေဖြစ်တဲ့ ဒုဗိုလ်ချုပ်ကြီး တေဇကျော် (အမှတ်(၁)စစ်ဆင်ရေးအထူးအဖွဲ့မှူး) ၊ ဒုဗိုလ်ချုပ်ကြီး အောင်ဇော်အေး (အမှတ် (၂) စစ်ဆင်ရေး အထူးအဖွဲ့မှူး) နဲ့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်တို့ လည်းပါဝင်ပါတယ်။

ဒါ့အပြင် စစ်တပ်ရဲ့ ဒေါက်တိုက်ကုမ္ပဏီတွေဖြစ်တဲ့ ဦးတေဇရဲ့ ထူးကုမ္ပဏီအုပ်စု၊ IGE (International Group of Enterpreneurs), ကုမ္ပဏီလုပ်ငန်းအုပ်စု၊ အမှတ် ၁ သတ္တုတွင်းလုပ်ငန်းနဲ့ မြန်မာ့ရေနံနဲ့သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)တို့ လုပ်ငန်း ၄ ခုလည်း ပိတ်ဆို့ဒဏ်ခတ်တဲ့အထဲ ပါဝင်ပါတယ်။

အခုထပ်မံအရေးယူလိုက်တာအပါအဝင် အီးယူကပိတ်ဆို့ဒဏ်ခတ်အရေးယူထားသူစုစုပေါင်း ၆၅ ယောက်နဲ့ ကုမ္ပဏီလုပ်ငန်းပေါင်း ၁၀ ခုရှိသွားပြီး အရေးယူခံရသူတွေအနေနဲ့ ပိုင်ဆိုင်မှုတွေကို ထိန်းချုပ်တာ၊ ဝင်ငွေရလမ်းတွေကို တားမြစ်တာ၊ အီးယူပိုင်နက်အတွင်း ဝင်ရောက်ဖြတ်သန်း ခရီးသွားလာခွင့်ပိတ်ပင်တာတွေ ခံရမှာ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/518320

----------------------------------------------------------------------------------------------------------

## EU ၏ အရေးယူပိတ်ဆို့မှုအသစ်အပေါ် စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများ ကြိုဆို

**ဖေဖော်ဝါရီ ၂၂ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ**



Photo: Internet

ဥရောပသမဂ္ဂ(EU)က စစ်ကောင်စီ ဝင်ငွေရလမ်းကြောင်းဖြစ်သည့် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း(MOGE) အပြင် အခြားသောလုပ်ငန်းကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များအပေါ် ယမန်နေ့က အရေးယူ ပိတ်ဆို့မှုအသစ် ချမှတ်လိုက် ခြင်းအပေါ် ၎င်းအရေးကိစ္စကို စောင့်ကြည့်လေ့လာနေကြသည့် အရပ်ဖက်အဖွဲ့အစည်းများက ကြိုဆိုထောက်ခံလိုက် ကြသည်။

စစ်ကောင်စီ၏ အကြီးမားဆုံး ဝင်ငွေလမ်းကြောင်းဖြစ်သည့် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း(MOGE) အပြင် International Group of Entrepreneurs (IGE) ကုမ္ပဏီ၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ ထူးအုပ်စုကုမ္ပဏီလုပ်ငန်း အပါအဝင် ကုမ္ပဏီ ၄ခုနှင့် အာဏာသိမ်း စစ်ကောင်စီအုပ်စုဝင် ၂၂ဦးကို ဥရောပသမဂ္ဂက စီးပွားရေးအရ ပိတ်ဆို့လိုက် ခြင်းအပေါ် Justice for Myanmar အဖွဲ့မှ ထောက်ခံကြိုဆိုကြောင်း ယနေ့ ထုတ်ပြန်ကြေညာထားသည်။

ထုတ်ပြန်ချက်တွင် ပြောခွင့်ရ ရတနာမောင်က “ဒီ အရေးယူပိတ်ဆို့မှုအသစ်ကို ကျမတို့ ကြိုဆိုတယ်။ ဒီအကြမ်းဖက် စစ်အုပ်စုဆီကို စီးဝင်နေတဲ့ ရေနံနဲ့ သဘာဝဓါတ်ငွေ့လုပ်ငန်းက ဝင်ငွေတွေကို ရပ်တန့်ဖို့ တစ်နှစ်ကျော်ကြာ စည်းရုံးလှုံ့ ဆော်ပြီးတဲ့နောက်မှာ အခုလို MOGEကို ရွေးချယ်ပိတ်ဆို့လိုက်တဲ့အပေါ်မှာ မြန်မာအပြင် ကမ္ဘာတလွှာမှာရှိတဲ့ ကျမတို့ အောက်ခြေ တက်ကြွလှုပ်ရှားသူတွေအတွက် သမိုင်းဝင် အောင်မြင်မှုတစ်ခုဖြစ်ပါတယ်။”ဟု ထုတ်ပြန်ချက်တွင် ပြော ဆိုထားသည်။

သို့သော် EU ၏ အရေးယူပိတ်ဆို့မှုသည် မြန်မာစစ်အုပ်စုအတွက် စီးပွားရေးလုပ်ငန်းများကို ယခင်အတိုင်း ဆက်လက် မလုပ်ဆောင်နိုင်ကြောင်းကို ခိုင်မာသော သတင်းစကား ပေးပို့ခြင်းဖြစ်သော်လည်း လုံလောက်မှု မရှိသေးဘဲ အခြား သော အမေရိကန်၊ ဂျပန် ကဲ့သို့သောနိုင်ငံများအနေဖြင့်လည်း MOGE နှင့် စစ်တပ်ထိန်းချုပ်ထားသည့် စီးပွားရေးလုပ် ငန်းများနှင့် ၎င်းတို့၏ သိသာထင်ရှာသော ပါဝင်ဆက်နွယ်မှုများကို ယခုလို လိုက်ပါ ပိတ်ဆို့အရေးယူရမည်ဖြစ်ကြောင်း လည်း Justice for Myanmar က ဆက်လက် ပြောဆိုသည်။

အဆိုပါ သဘာဝဓာတ်ငွေ့လုပ်ငန်းများမှ စစ်တပ်အနေဖြင့် တစ်နှစ်ကို ဝင်ငွေဒေါ်လာ သန်းထောင်ချီပြီး ရရှိနေကြောင်း နိုင်ငံတကာ ဆော်ဩလှုပ်ရှားသူများက ထောက်ပြပြောဆိုနေကြချိန်တွင် ယခုလို အရေးယူပိတ်ဆို့မှု ထွက်ပေါ်လာခြင်း ဖြစ်သည်။

စစ်ကောင်စီဝင်ငွေရရှိနေသည့် MOGE နှင့် အမှတ်(၁) သတ္တုတွင်းလုပ်ငန်းအပြင် ပိတ်ဆို့မှုစာရင်းတွင် ဦးအောင်သောင်း ၏သားများဖြစ်သော မိုးအောင်၊ နေအောင်နှင့် ပြည့်အောင်တို့ပိုင်ဆိုင်သော IGE ကုမ္ပဏီ၊ ဦးတေဇပိုင် ထူးကုမ္ပဏီတို့မှာ လည်း ပိတ်ဆို့ဒဏ်ခတ် အရေးယူခံလိုက်ရခြင်းဖြစ်သည်။

EU ၏ ဒဏ်ခတ်ပိတ်ဆို့မှုအရ အရေးယူခံလိုက်ရသော စစ်ကောင်စီ အုပ်စုဝင် ၂၂ဦးမှာ ဝန်ကြီးအဖြစ် ခန့်အပ်ခံထားရ သော ဦးအောင်နိုင်ဦး၊ ချာလီသန်း၊ ဒေါ်သက်သက်ခိုင်၊ ဦးမောင်မောင်အုန်းနှင့် အကြမ်းဖက် စစ်ကောင်စီဝင် ရွှေကြည်၊ UEC အဖွဲ့ဝင်များဖြစ်သည့် အောင်မိုးမြင့်၊ သန်းထွန်း၊ အောင်လွင်ဦး၊ အောင်စောဝင်း၊ သန်းဝင်း၊ စောဘလှိုင်၊ စိုးစိုးဦး၊ သန်းဦး၊ ဘရန်ရှောင်၊ မြင့်ဦး၊ ခင်မောင်ဦး၊ နုမြဇန်၊ မြင့်သိန်းနှင့် ဘမောင်တို့ ပါဝင်သလို စစ်တပ်ဘက်မှ အရာရှိများဖြစ် သည့် အမှတ်(၁) ကစထမှူး တေဇကျော်၊ တိုင်းမှူး နေလင်းအောင်၊ အမှတ်(၂) ကစထမှူး အောင်ဇော်အေးတို့လည်း ပါဝင်ကြောင်း သိရှိရသည်။

အလားတူ မြန်မာပြည်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စောင့်ကြည့်လေ့လာနေသည့် ကရင်ငြိမ်းချမ်းရေးအထောက် အကူပြုကွန်ယက်-KPSN ၏ ပြောခွင့် နော်ဝါးခုရှီးကလည်း EU ၏ အရေးယူမှုအသစ်အပေါ် ထောက်ခံကြိုဆိုကြောင်း ယခုလို ပြောသည်။

၎င်းက "ဒီလို ရေနံနဲ့ သဘာဝဓါတ်ငွေ့လုပ်ငန်းတွေကို အရေးယူပိတ်ဆို့ဖို့ ကျမတို့ ဟိုအရင်ကတည်းက ဆော်ဩလာခဲ့ တာကြာပြီ။ အခုလို ကြားရတော့ အရမ်းဝမ်းသာတယ်။ ဒီလုပ်ငန်းတွေကလည်း အရပ်သားတွေအပေါ် အကြမ်းဖက် လုပ်ရပ်တွေ ကျူးလွန်နေတဲ့ စစ်ကောင်စီအတွက် ဝင်ငွေအကြီးကြီးရနေတဲ့ လမ်းကြောင်းတွေဖြစ်တယ်။"ဟု ကေအိုင် စီသို့ ပြောဆိုသည်။

လက်ရှိ EU ၏ အရေးယူပိတ်ဆို့မှု ချမှတ်လိုက်ခြင်းအပေါ် ဥရောပအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လိုက်နာဆောင်ရွက်သွား မှသာ အရေးယူပိတ်ဆို့မှုမှာ အသက်ဝင်နိုင်မည်ဖြစ်သောကြောင့် ဥရောပနိုင်ငံများအနေဖြင့် အရေးယူ ပိတ်ဆို့မှုများအ ပေါ် လိုက်ပါလုပ်ဆောင်သွားရန် လိုအပ်ကြောင်းလည်း နော်ဝါးခုရှီးက ဆက်ပြောသည်။

မြန်မာနိုင်ငံ၏ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများမှ နာမည်ကြီး စီးပွားရေးလုပ်ငန်းများဖြစ်သော Total Energies, Chevron, Petronas, Mitsubishi Corporation and Woodside ကုမ္ပဏီလုပ်ငန်းများအနေဖြင့် နိုင်ငံအတွင်းမှ ထွက်ခွာတော့ မည်ဖြစ်ကြောင်း ကြေညာပြီးနောက် ယခုလို EU ၏ ပိတ်ဆို့အရေးယူမှုအသစ် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ နိုင်ငံတကာ စံချိန်စံနှုန်းနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာသော ကုမ္ပဏီများ မြန်မာပြည်စီးပွားရေးလုပ် ငန်းများမှ ထွက်ခွာမည့်အပေါ် ကြိုဆိုထောက်ခံကြသော်လည်းပဲ ၎င်းကုမ္ပဏီလုပ်ငန်းများအစား စံနှုန်းနိမ့်ပြီး လူ့အခွင့် အရေး လေးစားလိုက်နာမှု အားနည်းသော အခြားကုမ္ပဏီလုပ်ငန်းများ အစားထိုး ဝင်ရောက်လာမည့်အပေါ် စိုးရိမ်နေ ကြသူများလည်း ရှိသည်။

https://kicnews.org/2022/02/eu-၏-အရေးယူပိတ်ဆို့မှုအသစ/

---------------------------------------------------------------------------------------------------

## မြန်မာစစ်ကောင်စီကို ရုရှားနဲ့တရုတ်လက်နက်ထောက်ပံ့မှု ကုလကိုယ်စားလှယ်ဝေဖန်

၂၂ရက် ဖေဖော်ဝါရီ၊ ၂၀၂၂

အာဏာသိမ်း စစ်ကောင်စီဟာ မြန်မာအရပ်သားပြည်သူတွေကို တိုက်ခိုက်ဖြိုခွင်းရာမှာသုံးဖို့ ဂျက်တိုက်လေယာဉ်တွေနဲ့ သံချပ်ကာကားတွေကို ရုရှားနဲ့တရုတ်လို ပြည်ပနိုင်ငံတွေကနေ လက်ခံရရှိနေတယ်လို့ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ ကုလအထူးကိုယ်စားလှယ်က ပြောပါတယ်။

"စစ်အာဏာသိမ်းပြီးကတည်းက စစ်ကောင်စီရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုကျူးလွန်တာတွေ သက်သေအထောက်အထား ရှိနေပေမယ့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေဖြစ်တဲ့ တရုတ်နဲ့ ရုရှားနိုင်ငံတို့က ဂျက်တိုက်လေယာဉ်တွေ၊ သံချပ်ကာကားတွေ တော်တော်များများ စစ်ကောင်စီကို ကူပေးနေတယ်" လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ "အဲဒီလိုပဲ ဆားဘီးယားနိုင်ငံကလဲ ဒုံးကျည်တွေ အမြောက်တွေကို မြန်မာစစ်အစိုးရဆီ တင်ပို့ဖို့ ခွင့်ပြုထားတယ်"လို့ သူက ဆိုပါတယ်။

ဒီလို လက်နက်ထောက်ပံ့မှုတွေကို ရပ်ဆိုင်းပေးဖို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ကုလသမဂ္ဂရဲ့ မြန်မာ့ လူ့အခွင့် အရေး ဆိုင်ရာ အထူးကိုယ်စားလှယ် Thomas Andrews က တောင်းဆိုခဲ့ပါတယ်။

"အရပ်သားပြည်သူတွေကိုသတ်ဖို့ သုံးတဲ့လက်နက်တွေ မြန်မာနိုင်ငံကို ကူညီ ထောက်ပံ့မှု မပေးသင့်ဘူး" လို့ သူက အလေးအနက်ပြောကြားခဲ့ပါတယ်။

စစ်တပ်ရဲ့ ရေနံနဲ့ သဘာဝ ဓာတ်ငွေ့၊ နိုင်ငံခြားငွေလဲလှယ်မှုတွေ ဖြတ်တောက်ဖို့ကိုလဲ သူက တိုက်တွန်းထားသလို စစ်ကောင်စီဆီက သစ်နဲ့ ရှားပါးတွင်းထွက်ပစ္စည်းလို သယံဇာတတွေ ဝယ်ယူတာတွေ မလုပ်ဖို့ ပြည်နယ်နဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်တွေကို ကုလအထူးကိုယ်စားလှယ် Thomas Andrews တားမြစ် တောင်းဆိုထားပါတယ်။

https://burmese.voanews.com/a/unmyanmar-myanmarviolence-tomandrews-voaburmese-အာဏာသိမ◌္းစစ◌္ေကာင္စီ-ဂ်က္တုိက◌္ေလယာဥ◌္-သံခ်ပ္ကာကား-တ႐ုတ◌္-႐ုရွား-တြမ္အင္ဒ႐ူးစ◌္-ဗီြအိုေအ/6453766.html

----------------------------------------------------------------------------------------------------

## ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို PPST အနေဖြင့် တတ်နိုင်သည့်လမ်းဖြင့် ကြိုးပမ်းဆောင်ရွက်မည်

By SHAN - February 22, 2022

လက်ရှိ နိုင်ငံရေး အထွေထွေ အကျပ်တည်း ဖြေရှင်းနိုင်ရေးကို အားလုံးပါဝင်တဲ့ နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပခြင်းမှတဆင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို PPST အနေဖြင့် တတ်နိုင်သည့်လမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း PPST ဦးဆောင်မှု အလုပ်အဖွဲ့ခေါင်းဆောင် နိုင်အောင်မင်း က အဖွင့်မိန့်ခွန်းတွင် ပြောကြားလိုက်သည်။



တနိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ (NCA-S-EAO) ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST အစည်းအဝေးကို ယနေ့ ဖေဖော်ဝါရီ ၂၂ ရက် မနက်ပိုင်းတွင် စတင်ကာ Video Conferencing ဖြင့် ကျင်းပကြောင်း သိရသည်။

PPST အနေဖြင့် နိုင်ငံရေး ဆွေးနွေးပွဲ ပုံစံအသစ်ကို ဆွေးနွေးညှိနှိုင်း ချမှတ်သွားမှာဖြစ်ကြောင်းလည်း PPST ဦးဆောင်မှု အလုပ်အဖွဲ့ခေါင်းဆောင် နိုင်အောင်မင်းက ဆိုသည်။

လာမည့် မတ်လ နှောင်းပိုင်းတွင် ကျင်းပရန် ရည်ရွယ်ထားသည့် NCA-S-EAO ၏ စတုတ္ထ ညီလာခံ (ဒုတိယပိုင်း) ကျင်းပနိုင်ရေးအတွက် ညီလာခံ ကြိုတင်ပြင်ဆင်ရေးကော်မတီ လုပ်ငန်းဆောင်ရွက်ချက် တင်ပြသည့်အပေါ် ဆွေးနွေးသွားမည် ဟုလည်း သိရသည်။

တစ်ဖက်မှာလည်း တိုက်ပွဲများကြောင့် အတိဒုက္ခအမျိုးမျိုးကြုံတွေ့နေရသည့် စစ်ရှောင်များအတွက် ဆက်လက်အကူအညီပေးနိုင်ရန် ကိုလည်း ဆွေးနွေးသွားမည်ဟု သိရသည်။

https://burmese.shannews.org/archives/27072

---------------------------------------------------------------------------------------------------

## နေရပ်ပြန်ခဲ့သည့် မိုင်းယော်စစ်ရှောင်တစ်ဦး ဆေးရုံတွင် ထပ်မံသေဆုံး

By SHAN - February 22, 2022

သျှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့နယ် မိုင်းယော်တိုက်နယ်တွင် စစ်ရှောင်နေရပ်ပြန်ချိန် ရှော့တိုက်မိုင်း နင်းမိသည့် စစ်ရှောင် (၅)ဦးထဲမှ (၁)ဦး ထပ်မံသေဆုံးသွားကြောင်း စုံစမ်းသိရှိရသည်။



အဆိုပါ သေဆုံးသွားသည့် စစ်ရှောင်အမျိုးသမီးသည် လွန်ခဲ့သည့် ဖေဖော်ဝါရီ ၁၉ ရက်နေ့က လားရှိုးဆေးရုံတွင် ဒဏ်ရာ ပြင်းထန် ရရှိခဲ့ပြီးနောက် သေဆုံးသွားကြောင်း သိရသည်။
"စစ်ဘေးရှောင်တွေထဲမှာ ၃ ယောက်သေပြီး ၅ ယောက် ဒဏ်ရာရရှိခဲ့တယ်။ အခုက ဒဏ်ရာရထားတဲ့ (၅)ယောက် ထဲမှာ တစ်ဦးက ထပ်သေဆုံးသွားတယ်။ သူက ဒဏ်ရာရရှိထားတာ ပြင်းထန်တော့ မခံနိုင်တော့လို့ သေဆုံးသွားတာ။ ကျန်တဲ့ (၄)ယောက်လည်း ဆေးရုံမှာ ကုသနေသေးတယ်" ဟု မိုင်းယော်တိုက်နယ်တွင် နေထိုင်သည့် အမျိုးသားတစ်ဦးက ပြောသည်။

လားရှိုးဆေးရုံတွင် ဆေးကုသနေဆဲဖြစ်သည့် စစ်ဘေးရှောင် (၄)ဦးထဲမှ (၂)ဦးမှာ ကျန်းမာရေးအခြေနေ စိုးရိမ်ရကြောင်း၊ တိုက်ပွဲကြောင့် ကလေးငယ်က စ သေဆုံးနေရပြီး ပြည်သူများလည်း ဒုက္ခရောက်ရှိနေရသဖြင့် တိုက်ပွဲကို ရပ်တန့်ပေးရန်အတွက် ဒေသခံများက တောင်းဆိုလိုက်သည်။

"ကျနော်တို့ မိုင်းယော်တိုက်နယ်ဘက်မှာဆိုရင် လုံခြုံရေးမရှိတော့ဘူး။ လက်နက်ကိုင်တပ်ဖွဲ့တွေကိုလည်း တောင်းဆိုချင်တယ်။ ကျနော်တို့ ပြည်သူတွေက လက်နက်မရှိဘူး။ ပြည်သူက သူတို့ရဲ့ ကြားထဲကနေ သေဆုံးသွားနေရတယ်။ ကျနော်တို့ ပြည်သူတွေလည်း ဒုက္ခတွေရောက်တယ်။ ဖြစ်နိုင်ရင်တော့ တိုက်ပွဲကို ရပ်တန့်ပေးစေချင်တယ်" ဟု မိုင်းယော်မြို့ ဒေသခံများက ပြောသည်။

ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် မိုင်းယော်စစ်ဘေးရှောင်များက နေရပ် ပြန်ချိန်တွင် လမ်းတစ်ဝက်၌ ရှော့တိုက်မိုင်းနင်းမိပြီး ကလေးတစ်ဦး အပါအဝင် (၃)ဦး သေဆုံးသွားပြီး (၅)ဦး ဒဏ်ရာရရှိခဲ့သည်။

လက်ရှိ မိုင်းယော်တိုက်နယ်အတွင်း တိုက်ပွဲဖြစ်ပွားနေသည့် အဖွဲ့များမှာ စစ်ကောင်စီတပ် နှင့် မြောက်ပိုင်းမဟာမိတ် (TNLA, MNDAA, AA ) တပ်ဖွဲ့များဖြစ်ကြောင်း သိရသည်။

https://burmese.shannews.org/archives/27085

-----------------------------------------------------------------------------------------------